# Vacancy Announcement
# (VA- 033/2025)

ရာထူးအမည် – **Community Mobilizer (ရပ်ရွာစည်းရုံးရေးမှူး)**

အရေအတွက် – **၂ ဦး**

ခန့်ထားမည့်ဒေသ – **ဘားအံမြို့နယ် နှင့် မြဝတီမြို့နယ်၊ ကရင်ပြည်နယ်။**

အဆင့်သတ်မှတ်ချက် – A2

လျှောက်လွှာနောက်ဆုံးရက် – **၁၄ ရက်နေ့ မေလ ၂၀၂၅ ခုနှစ်**

ကျွန်ုပ်တို့၏အဖွဲ့အစည်းသည် မြန်မာနိုင်ငံတွင် ရပ်ရွာအကျိုးပြု ကျန်းမာရေးလုပ်ငန်းများ လုပ်ဆောင်နေသော အကျိုးအမြတ်မယူသော အဖွဲ့အစည်းဖြစ်သည်။ ကျွန်ုပ်တို့သည် ရပ်ရွာလူထုအား ကျန်းမာရေးလက်လှမ်းမီမှု ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်၍ ရပ်ရွာလူထုနှင့် ညှိနှိုင်း ဆောင်ရွက်ခြင်း၊ ထိရောက်ပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများ ရရှိစေရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ကျွန်ုပ်တို့အဖွဲ့အစည်း၏ အဓိကအကောင်အထည် ဖော်လုပ်ဆောင်သည့်နယ်ပယ်များမှာ ကူးစက်ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ၊ RMNCHN လုပ်ငန်းများ (မျိုးပွားမှု၊ မိခင်၊ မွေးကင်းစ၊ ကလေးနှင့် ဆယ်ကျော်သက်များ၏ ကျန်းမာရေးနှင့် အာဟာရ)၊ ရေ၊ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ငန်းများနှင့် အရေးပေါ်တုံ့ပြန် ဆောင်ရွက်မှုလုပ်ငန်းများ ပါဝင်သည်။

## ရပ်ရွာစည်းရုံးရေးမှူး၏ တာဝန်ဝတ္တရားများ

- ❖ စီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ကျေးလက် ကျန်းမာရေးကော်မတီအစည်းအဝေးများ၊ သင်တန်းများ အလုပ်ရုံဆွေးနွေးပွဲများနှင့် လူထုတွေ့ဆုံဆွေးနွေးပွဲများ အတွက် စီစဉ်ဆောင်ရွက်ပေးရမည်။
- ❖ ရပ်ရွာစည်းရုံးရေးမှူးအနေဖြင့် စီမံချက်ညှိနှိုင်းရေးမှူးအား ကျေးရွာရှိ အုပ်ချုပ်ရေးမှူး/ ရပ်မိရပ်ဖများ နှင့် အသိပေးဆွေးနွေးပွဲများပြုလုပ်ရာတွင် ကူညီဆောင်ရွက်ပေးရမည်။
- ❖ အကောင်အထည်ဖော်ဆောင်ရွက်နေသော စီမံချက်လုပ်ငန်းများတွင် စီမံချက်ဒေသရှိ လူထုအား စည်းရုံးလှုံ့ဆော်ခြင်း၊ ပူးပေါင်းပါဝင်ခြင်းများ ပိုမိုအားကောင်းလာအောင် လုပ်ဆောင်ရမည်။
- ❖ ကျေးရွာအသီးသီး၌ ကျန်းမာရေးမြှင့်တင်ခြင်းလုပ်ငန်းတွင် စီစဉ်ပေးရမည်။
- ❖ စေတနာ့ဝန်ထမ်းများ၊ ကျေးလက်ကျန်းမာရေးကော်မတီများနှင့် လူထုအတွက် အထောက်အပံ့ ပစ္စည်းများကို ဖြန့်ဝေရာတွင် အချိန်မီရောက်ရှိအောင် စီစဉ်ဆောင်ရွက်ပေးရမည်။
- ❖ လုပ်ငန်းစီစဉ်ဆောင်ရွက်မှုများအား မှတ်တမ်းတင်ခြင်းနှင့် ကြီးကြပ်သူအား စီမံကိန်း အခြေအနေများကို ပုံမှန်အစီရင်ခံတင်ပြရမည်။

❖ တာဝန်ကျဒေသရှိ ကျေးရွာများသို့သွားရောက်၍ ကွင်းဆင်းဆောင်ရွက်ခြင်း ဒေတာစုဆောင်းခြင်း များကို ပြုလုပ်၍ အထက်အရာရှိအားတင်ပြရမည်။
❖ သက်ဆိုင်ရာမြို့နယ်ရှိ ဝန်ထမ်းများမှ ကွင်းဆင်းဆောင်ရွက်မှုများလုပ်ဆောင်ရာတွင် အလျဉ်းသင့် သလို ဒေသခံဘာသာစကားမှ မြန်မာဘာသာစကားသို့ ပြန်ဆိုပေးနိုင်ရမည်။
❖ အသုံးစရိတ်နှင့် သက်ဆိုင်သော အထောက်အထားပြေစာ၊ ဘောင်ချာ၊ စာရွက်စာတမ်းအားလုံး အပါအဝင် လုပ်ငန်းကြိုတင်ငွေနှင့် အသုံးစရိတ်ငွေစာရင်းရှင်းတမ်းအား မြို့နယ်တာဝန်ခံနှင့် ဘဏ္ဍာရေးအရာရှိထံသို့ သတ်မှတ်ထားသော အချိန်အတွင်း ပြည့်စုံစွာ အချိန်မီပေးပို့ရမည်။
❖ ကြီးကြပ်သူအဆင့်ဆင့်မှ အခါအားလျော်စွာ ပေးအပ်သောစီမံကိန်းနှင့် ပတ်သက်သည့် လုပ်ငန်းများကိုလည်း လုပ်ဆောင်ရမည်။

**လိုအပ်သော အရည်အချင်းများ**

❖ အနည်းဆုံး အခြေခံပညာအထက်တန်း(တက္ကသိုလ်ဝင်တန်း)တက်ဖူးသူ (သို့မဟုတ်) လုပ်ငန်းနှင့် ကိုက်ညီသော ပညာအရည်အချင်းရှိသူဖြစ်ရမည်။
❖ အနည်းဆုံး ကွန်ပျူတာအခြေခံ တတ်ကျွမ်းရမည်။
❖ လူထုအား စည်းရုံးလှုံ့ဆော်ခြင်းနှင့် သင်တန်းပေးသည့် အတွေ့အကြုံရှိသူအား ဦးစားပေးမည်။
❖ ဆက်ဆံရေးကောင်းမွန်၍ အသင်းအဖွဲ့ဖြင့် လုပ်ဆောင်ချင်သူဖြစ်ရမည်။
❖ လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား စိတ်ပါဝင်စားစွာဖြင့် စေတနာထား လုပ်ဆောင်နိုင်သူ ဖြစ်ရမည်။
❖ ဝေးလံခက်ခဲသောဒေသများသို့ ဆိုင်ကယ်ဖြင့်ကျွမ်းကျင်စွာမောင်းနှင်ပြီး ခရီးသွားလာနိုင်သူကို ဦးစားပေးမည်။
❖ သက်ဆိုင်ရာ စီမံချက်မြို့နယ်မှ လျှောက်ထားသူဒေသခံအား ဦးစားပေးမည်။
❖ အဖွဲ့အစည်းမှ ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။

**လျှောက်လွှာညွှန်ကြားချက်များ**

စိတ်ပါဝင်စားသူသည် ကိုယ်ရေးရာဇဝင်နှင့် အလုပ်လျှောက်ထားလွှာကို (Word ဖိုင် သို့မဟုတ် PDF ဖိုင်ဖြစ်စေ) “**Community Mobilizer (ရပ်ရွာစည်းရုံးရေးမှူး) VA-033/2025**” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြပြီး **headquarter.hrm@gmail.com** သို့ (သို့မဟုတ်) သက်ဆိုင်ရာမြို့နယ် စီမံချက်ရုံးအသီးသီးသို့ လည်းကောင်း ပေးပို့လျှောက်ထားနိုင်ပါသည်။ လျှောက်ထားရန် နောက်ဆုံးရက်မှာ **၁၄ ရက်နေ့ မေလ ၂၀၂၅ ခုနှစ်** ဖြစ်သည်။

- **လျှောက်ထားသောရာထူးအမည်ကို မှန်ကန်စွာဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကို ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။**
- **ရွေးချယ်ခံရသော လျှောက်လွှာရှင်များကိုသာ တွေ့ဆုံမေးမြန်းရန်အတွက် ဆက်သွယ်မည် ဖြစ်သည်။**

- နောက်ဆုံးပေးပို့ရမည့် နေ့ရက်နှင့် အချိန်ထက် နောက်ကျမှ ရောက်ရှိလာသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

**HR Unit**
**Email: headquarter.hrm@gmail.com**